# INDOT ၏ ခေါင်းစဉ် VI နှင့် ခွဲခြားဆက်ဆံခြင်းမပြုရန် မူဝါဒ ကြေညာချက်မ

ည်သည့်ပုဂ္ဂိုလ်ကိုမျှ မပါဝင်ရန် ဖယ်ခြင်း၊ အကျိုးခံစားခွင့်များကို ငြင်းဆိုခြင်း သို့မဟုတ် လူမျိုး၊ အသားအရောင် သို့မဟုတ်
ဇာတိနိုင်ငံတို့အပေါ် အခြေခံပြီး ယူအက်စ် သယ်ယူပို့ဆောင်ရေး ဌာန (DOT) မှ ဖက်ဒရယ်ငွေကြေး အထောက်အပံ့ ရ
ရယူသည့် အစီအစဉ် (သို့) လုပ်ရှားမှု တစ်ခုခုအောက်တွင် ခွဲခြားဆက်ဆံခံရခြင်း မရှိကြောင်း သေချာစေရန် INDOT သည် ခေါင်းစဉ်
VI 49 CFR § 21၊ 23 CFR အပိုင်း 200 နှင့် သက်ဆိုင်ရာ ပြဋ္ဌာန်းဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ အကောင်အထည်ဖော်
ဆောင်ရွက်ပါမည်။

INDOT ၏ ခေါင်းစဉ် VI နှင့် ခွဲခြားဆက်ဆံခြင်းမပြုရေး သတိပေးချက်နှင့် မူဝါဒက INDOT သည် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အ
အများပြည်သူအခွင့်အရေးများကို တန်ဖိုးထားပြီး ဤပြည်နယ်၏ နိုင်ငံသားများအတွက် တူညီသော အခွင့်အလမ်းနှင့် သာ
သာတူညီမျှ ဝန်ဆောင်မှုကို ပေးအပ်လိုပါသည်။ မည်သည့်ပုဂ္ဂိုလ်ကိုမျှ မပါဝင်ရန် ဖယ်ခြင်း၊ အကျိုးခံစားခွင့်များကို ငြ
ငြင်းဆိုခြင်း သို့မဟုတ် လူမျိုး၊ အသားအရောင် သို့မဟုတ် ဇာတိနိုင်ငံတို့အပေါ် အခြေခံပြီး INDOT မှ
ဖက်ဒရယ်ငွေကြေး အထောက်အပံ့ ရယူသည့် အစီအစဉ် (သို့) လုပ်ရှားမှု တစ်ခုခုအောက်တွင် ခွဲခြားဆက်ဆံခံရခြင်း
မရှိစေရန် ပေးအပ်ထားသော အများပြည်သူအခွင့်အရေးများ အက်ဥပဒေ 1964 ၏ ခေါင်းစဉ် VI နှင့် သက်ဆိုင်ရာ
ပြဋ္ဌာန်းဥပဒေများ၊ စည်းမျဉ်းများအားလုံးကို ဖက်ဒရယ်အထောက်အပံ့ ရယူသူတစ်ဦးအနေနှင့် INDOT က လိုက်နာပါသည်။ ထို့အပြင်
INDOT သည် အဆိုပါ အစီအစဉ်များနှင့် လုပ်ရှားမှုများကို ဖက်ဒရယ်အထောက်အပံ့ ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ၎င်း၏
၎င်း၏ အစီအစဉ်များနှင့် လုပ်ရှားမှုအားလုံးတွင် ခွဲခြားဆက်ဆံခြင်းမပြုကြောင်း သေချာစေရန် တတ်နိုင်သမျှ ကြ
ကြိုးပမ်းအားထုတ်မည်ဖြစ်ကြောင်း ကတိပြုပါသည်။

၎င်းသည် အောက်ပါ ဥပဒေ၊ အမှုဆောင်အမိန့်များနှင့် အညီလိုက်နာရန် INDOT ၏ မူဝါဒ ဖြစ်ပါသည်-

| ဥပဒေ၏ အမည် | | ဥပဒေသို့ ကိုးကားချက် |
|---|---|---|
| **အများပြည်သူအခွင့်အရေးများ အက်ဥပဒေ 1964 ၏ ခေါင်းစဉ် VI** | | **78 Stat. 252၊ 42 U.S.C. §2000d-2000d-42** |

ဒုတိယအဆင့် တစ်ဆင့်ခံလက်ခံသူထံသို့ INDOT က ဖက်ဒရယ်အထောက်အပံ့  ငွေကြေးများ ပေးအပ်သည့်အခါတိုင်း
စာဖြင့်ရေးသားသော သဘောတူညီချက်အားလုံးတွင် INDOT သည် ခေါင်းစဉ် VI အသုံးအနှုန်းကို ထည့်သွင်းပါမည်။
အောက်ပါပုဂ္ဂိုလ်သည် INDOT ၏ ခေါင်းစဉ် VI အစီအစဉ် ညွှန်ကြားရေးမှူး (ပရိုဂရမ် မန်နေဂျာ) အဖြစ် သတ်မှတ်ထားသူဖြစ်ပြီး
ခေါင်းစဉ် VI လုပ်ရှားမှုများ စတင်ခြင်းနှင့် စောင့်ကြည့်ခြင်း၊ တင်ပြချက်များ ပြင်ဆင်ခြင်း၊ 23 C.F.R. § 200 နှင့် 49 C.F.R. § 21
တို့က သတ်မှတ်ထားသည့်အတိုင်း အခြားတာဝန်ဝတ္တရားများ ဆောင်ရွက်ခြင်းတို့ ပြုလုပ်ရန် လိုအပ်သော လု
လုပ်ပိုင်ခွင့်ကို ပေးအပ်ထားပါသည်။ ထို့ပြင် ပူးပေါင်းဆောင်ရွက်ရန်၊ ထိန်းသိမ်းရန်နှင့် INDOT ၏ ခေါင်းစဉ် VI ဆိုင်ရာ
လိုက်နာမှုကြိုးပမ်းချက်များကို ဖက်ဒရယ်အဝေးပြေးလမ်းမ စီမံအုပ်ချုပ်ရေး  (FHWA) သို့ သတင်းပို့ရန်အပြင် သ
သတ်မှတ်ထားသည့်အတိုင်း အခြားဖက်ဒရယ် ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ရန် INDOT ၏ တာဝန်ရှိသူပုဂ္ဂိုလ်အဖြစ်
အထူး သတ်မှတ်ထားပါသည်-

**Taffanee Keys, INDOT Title VI Coordinator**
**100 N. Senate Avenue, Room N658-PQ**
**Indianapolis, IN 46204**
**(317) 941-4512    tkeys@indot.in.gov**